ရွှေစကား
စာပေ

# အမှတ်တမဲ့မှ အမှတ်တရပွိုင့်



# အခန်း (၁)
## အမှတ်တမဲ့ အမှတ်များ

ကားလမ်း ကူးရန် စောင့်နေရင်းက ဓာတ်တိုင်မှ နေရိပ်ကလေး ကွယ်၍ ရပ်နေပြီး လမ်းသွား လမ်းလာ ကားများကို ကြည့်နေ၏။ ထိုစဉ် ပတွတ် ပတွတ်နှင့် ပြောပြီး အနား လာရပ်သော မိန်းကလေး နှစ်ဦးကို သတိမထားမိဘဲ ဆူးလေ ကားလမ်း၏ ကားအရှင်းကို သတိကြီးစွာ စောင့်နေ၏။

မိုးအကုန် ဆောင်းအကူး နှင်းမှုန်လေးများ ကျလာသည့် စောစော ကတည်းက ရာသီဥတု အေးလာသဖြင့် လက်ဖက်ရည် ဆိုင်တစ်ဆိုင်မှာ ထိုင်ပြီး မိုးနှင်းခိုရန် စဉ်းစားထားပြီး ဖြစ်သည် ။ မဟာဗန္ဓုလ ပန်းခြံ လမ်းရှိ တီဗွီဆိုင် မရောက်ခင် သုံးဆယ့် သုံးလမ်း ထိပ်မှ လက်ဖက်ရည် ဆိုင်မှာ ပဲ ဝင်ထိုင်ရ ကောင်းမလားဟု တွေးလိုက်၏။

"လာ ... လာ ကူးစို့"

ရုတ်တရက် ကျွန်တော့် လက်ကို ဆောင့်ဆွဲခြင်း ခံလိုက်ရသဖြင့် အံ့ အားသင့်ပြီး မီးဝါမှာ ကားများ အရှိန် တန့်သွားစဉ် အပြေးတစ်ပိုင်း ဆွဲ ခေါ်သွားရာ နောက်သို့ ပါသွား၏။

လက်ချောင်း ရှည်သွယ်သွယ် လေးများ နှင့် နူးညံ့သော အထိအတွေ့ တင်းတင်း ဆုပ်ကိုင်မှုကို ခံလိုက် ရသောအခါ ကျွန်တော့်ကိုယ်

ကျွန်တော် စိတ်ညှို့ ခံရသူကဲ့သို့ လိုက်ပါ သွားမိတော့သည် ။

"မီးဝါရင် ကူးပါဆိုနေမှ ငါကပဲ ဆွဲခေါ် နေရတာပဲ ... နင်ဟာလေ ..."

မိန်းကလေးက ကြိမ်းဝါးရင်း ကျွန်တော့် လက်ကို ပိုင်ပိုင်နိုင်နိုင်ကြီး ဆွဲခေါ် ချလာ၏။ သံဆန်ခါ ကွက်များ ကာရံထားသော အလယ်တုံးများ ရောက်သော်လည်း လက်မလွှတ်သေးဘဲ ရပ်တန့်ကာ ခေတ္တ စောင့်ဆိုင်းပြီး ရပ်နေစဉ် ကျွန်တော် မရုန်းမိဘဲ သူမအား တမေ့တမော ငေးကြည့်နေမိသည် ။

ကျောလယ်ခန့် ဆံပင်တိုလေးကို စုစည်း ချည်နှောင် ထားသဖြင့် ပါးရိုးစောင်းလေးမှာ မွေးညင်း စိမ်းကလေးများ စိမ်းမလိုလို အကြောလေးများ ယှက်သန်းလျက် ပါးရိုး စောင်းလေး နားရှိ နှမ်းစေ့သာသာ မှဲ့ စိမ်းလေးမှာ ရင်ခုန် ချင်စရာ ကောင်းလှသည် ။

ကျွန်တော် သတိလက်လွတ် ငေးမောနေစဉ် ရုတ်တရက် ဆောင့်ဆွဲပြီး ခေါ်ခြင်း ခံလိုက်ရသဖြင့် ကားရှင်းသွားလား အန္တရာယ် ကင်းရဲ့လား ဆိုတာ သတိမထားမိဘဲ ကလေးငယ် တစ်ဦးကဲ့သို့ လိုက်ပါ သွားတော့သည် ။

ကြက်လျှာစွန်းလေး အရောက်မှာ နောက်မှ နေ ကျွန်တော့်ကို လက်တို့ ပြီး ပြုံးစိစိ လုပ်နေသော ကောင်မလေးကြောင့် အိပ်မက်ထဲမှာ ကယောင်ကတမ်း လမ်းလျှောက် နေသူလို သတိဝင်သွားပြီး လက်ဆွဲသူ မိန်းကလေးကို သတိပေး လိုက်ရသည် ။

"ငါ့လက်ကို လွှတ်ပြီး မင်းညီမ လက်ကို ပြန်ဆွဲပါ"

"ဟင်"

ရုတ်တရက် အံ့အား သင့်သွားပြီး လှမ်းကြည့် လိုက်သော မိန်းက လေး၏ မျက်ဝန်းနှင့် အံ့အားသင့်၍ အာမေဋိတ်သံ ထွက်သွားသော ပန်းနုရောင် နှုတ်ခမ်းလေးသည် သူ့တစ်ဘဝ လုံးကို လှုပ်ကိုင် အနိုင်ယူထားလိုက်ပြီး ထိုအမူအရာလေး တစ်စုံကိုလည်း ကျွန်တော့် နှလုံးသားက ရာသက်ပန် သိမ်းပိုက် သွားနိုင်လိမ့်မည်ဟု မထင်မှတ်ခဲ့ပေ။

"ဆောရီးနော်"

ငေးကြောင်ပြီး ကြည့်နေသော မိန်းကလေး၏ လက်ထဲမှ ကျွန်တော့်လက်ကို ဆွဲယူလိုက်မှ သတိဝင် လာပြီး ရှက်သွေး ဖြာ၍ နီမြန်းသွားသော သူမ၏ မျက်နှာလေးမှာ သူမ ဝတ်ထားသော ပန်းနုရောင် ဝတ်စုံလေးနှင့် ရောထွေးသွား၏။

"ရှင် ... ရှင် အစက ပြောရောပေ့ါ"

"မင်းက အတင်း ဆွဲတာကိုး ငြင်းချိန်တောင် မရဘူး၊ အသည်းအသန်ပဲ ရုန်းတော့ ရုန်းနေသားပဲ"

သူမ လက်မှ မလွှဲသာ၍ ရုန်းထွက် လာရသော ကျွန်တော့်ရဲ့ ဘယ်လက်လေးကို သနား သွားသလိုလို ရင်ထဲမှာ ဟာသွား သလိုလိုနှင့် လွမ်းလျစွာ မခံစားဖူးသော ဝေဒနာကို ခံစားလိုက်ရ၏။

"မိစီက ဒီမှာ ပါ၊ မမလေးက လက်မှား ဆွဲသွားလို့ နောက်က လိုက်လာရတာ ဟီ ... ဟိ ... ယောက်ျား လက်လား မိန်းမ လက်လား မသိဘူးလား"

မိစီဆိုသော ဆယ်ကျော်သက် ကောင်မလေးက သဘောကျစွာ ရယ်မောပြီး ပြောလိုက်သောအခါ သူမ၏ အကြည့်က ဒုတိယအကြိမ် ရောက်လာခဲ့သည် ။

ဒီတစ်ခါတော့ မျက်စောင်း ဝေ့ရင်း အလွန် ရှက်နေသောကြောင့် ဗ လုံးဗထွေးနှင့် ရန်တွေ့ လိုက်ပြန်သည် ။

"ဘယ်သိမှာ လဲ ကားရှင်းတုန်း ကူးရတာ၊ သူကလည်း ငြိမ်နေလိုက် တာ လာ ... လာ"

ဒီတစ်ခါတော့ မိစီလက်ကို မှန်မှန်ကန်ကန် ဆွဲခေါ်ပြီး လမ်းကူးသွား သော မိန်းကလေး နောက်လိုက်ကာ တစ်ဖက် ကားလမ်း ရောက်မှ ...

"မင်း ရှက်သွားမှာ စိုးလို့ ပါ" ဟူ၍ ပြောပြီး ထွက်လာ လိုက်သည် ။ သူမတို့ နှစ်ဦးက ဗိုလ်ချုပ်လမ်း ရှိရာ အထက်ဘက်သို့ ထွက်သွားတော့ သည် ။

ထိုမိန်းကလေး၏ နောက်ကျောကို ကြည့်ပြီး တစ်စုံတစ်ရာက ကျွန် တော့် ရင်ကို ဆုပ်ကိုင် ထားသလို တင်းကျပ်ကျပ် ဖြစ်ကာ လက်ဖက်ရည် ဆိုင်သို့ မသွားဘဲ ခြေလှမ်း ပြန်လှည့်ကာ ထိုမိန်းကလေး နောက်သို့ လိုက်လာခဲ့၏။

ကျွန်တော့်ကို ကျွန်တော်လည်း သတိမထား လိုက်မိပေ။ သို့ရာတွင် ဘယ်လက်ချောင်း များမှာ နွေးထွေး နူးညံ့သလို ခံစားရပြီး ရင်မှာ ထူးခြားစွာ တုန်ခါလျက် ရှိနေသည် ကို ပထမဦးဆုံး အကြိမ်အဖြစ် ခံ စားလိုက်ရ၏။

ကျွန်တော့်ရဲ့ လာရင်းကိစ္စကို မေ့သွားကာ ကိုက်သုံးရာခန့် ဝေးသွား သော သူမနောက်သို့ သွက်သွက်ကလေး လိုက်သွားမိသည် ။

မိုးနှောင်းလေနှင့် ဆောင်းဦးလေတို့ ၏ အားပြိုင် လုနေသော အ အေးဓာတ်ပါသော မိုးစက် ကလေးများကို သတိမထား မိနိုင်ဘဲ သူမ နောက်သို့ လိုက်လာရင်း ရုပ်ရှင်ရုံထဲ ဝင်သွားသော အခါမှ ရပ်တန့်သွား

၏။

ချက်ချင်း လက်မှတ်ဝယ်ကာ လိုက်ဝင် သွားမည်ဟု ရူးမိုက်စွာ စဉ်းစားလိုက်ပြီး လက်မှတ် ပေါက်ကို ကြည့်လိုက်သောအခါ 'ကုန်ပြီ' ဟု ပိတ်ထား လိုက်သည် ကို တွေ့ရတော့သည် ။

ချက်ချင်း လောက ပျောက်သွားသလို ပျာယာခတ် သွားစဉ် အနားသို့ ချာတိတ် တစ်ယောက် ရောက်လာကာ ...

"အစ်ကို လက်မှတ်လား နှစ်စောင်ရှိတယ် ရုပ်ရှင် ပြနေတော့ တစ်စောင်ကို တစ်ဝက်ဈေးနဲ့ ယူလိုက်ပါဗျာ၊ ကျွန်တော် ရှုံးနေလို့ ပါ"

ရုပ်ရှင် ပြနေပြီ ဆိုသော စကားက ကျွန်တော်၏ ကြောင်တောင်တောင် စိတ်ကို ပုတ်နှိုး လိုက်သည် ။

"အာ ... နေပါစေကွာ မယူတော့ပါဘူး"

အူကြောင်ကြောင်နှင့် ထွက်လာစဉ် သူ၏ အတွေး အာရုံထဲမှာ ပန်းနုရောင် မိန်းကလေး၏ ပုံရိပ်နှင့် ...

မမလေးနှင့် မိစီ၊ မနူးမနပ် တောသူပုံစံနှင့် မိစီဆိုသော ကောင်မလေးကို စိတ်မချစွာ လက်ဆွဲ လာခြင်း ဖြစ်သည် ။ ရုပ်ရှင်ရုံက အပြန်မှ အိမ်ကိုပဲ တန်းပြန် သွားနိုင်သည် ။

"ဟုတ်ပြီ"

နှုတ်ဖျားမှ ကျေနပ်စွာ ရေရွတ်လိုက်ပြီး သူ၏ အလုပ်များကို လျင်မြန်စွာ လုပ်ကိုင်ပြီး ရုပ်ရှင် လွှတ်ချိန်မှာ ရပ်စောင့်ပြီး အိမ်လိုက် ကြည့်ရန် ဆုံးဖြတ် လိုက်၏။

သူ့အသက် ဆယ့်ကိုးနှစ် အရွယ်မှာ ပထမဦးဆုံး အကြိမ် ရင်ခုန်မိ

ခြင်း ဖြစ်သည် ။

ဒုတိယနှစ် သင်တန်းအတွက် အမှတ် တင်းတင်း ရစေရန် ကြိုးစားရမည် ဖြစ်သောကြောင့် သူငယ်ချင်းရှိရာ မဟာဗန္ဓုလ ပန်းခြံလမ်းသို့ သွားပြီး ကျူရှင် တစ်ခု အပ်ရန် စုံစမ်းလိုက်သည် ။

"အခုပဲ သွားအပ်စို့ကွာ"

"နောက်နေ့မှ အပ်ပါ သူငယ်ချင်းရာ"

"နောက်နေ့ဆို လူပြည့်သွားလို့ လက်ခံမှာ မဟုတ်ဘူး "

"ဖုန်းဆက်ပြီး စာရင်း ပေးထားလို့ ရသား"

"အင်း ... ရတော့ ရတယ် ဒါပေမဲ့ သိပ်မသေချာဘူး"

"ဒါဆို ပြန်လာတော့ အပ်မယ်ကွာ အခု လောလောဆယ် ငါ့ကို ကူညီပါဦး၊ စောလွင်ရာ ... နော်"

"ဘာဖြစ် လာတာလဲ ခါးပိုက်နှိုက် ခံရလို့ လား"

"ဟာကွာ ... အင်း ... ဟုတ်တယ် ဟုတ်တယ် ငါ့အသည်း နှလုံးကို ခါးပိုက် နှိုက်သွားပြီ"

"ဟာ ... ပြဿနာပဲ"

တစ်ခါမှ ကြောင်တောင်တောင် စကားကို မပြောခဲ့ဖူးသော သူ့ကြောင့် သူငယ်ချင်း စောလွင်မှာ အတော်ကြီးကို အံ့အား သင့်သွား၏။

ကျွန်တော်က သူမ ဆုပ်ကိုင်ထားသော ဘယ်လက်ကို နှာခေါင်းဝမှာ ကပ်၍ ကြူနမ်းရှိုက် လိုက်သည် မှာ သူမ လက်ကလေး၏ နွေးထွေးမှုကို နှလုံးသားထဲသို့ အရောက်ပို့၍ မှတ်သား တမ်းတလိုက်သည် ။

"ဟာ ... မင်းဟာသာ အဲဒါ အီအီးကုန်းတဲ့ လက်လေကွာ၊ ဘာလို့ ရှူ

နေရတာလဲ ဟာ … ပြဿနာပဲ၊ မင်း ဘာဖြစ် လာတာလဲကွာ"

စောလွင်က အလန့်တကြားနှင့် ကျွန်တော့် လက်ကို နှာခေါင်းဝမှ ဆွဲဖြုတ် လိုက်သဖြင့် ကျွန်တော်က ကပျာကယာ လက်ကို ပြန်ရုန်းရင်း …

"မကိုင်နဲ့ မကိုင်နဲ့ အငွေ့အသက် အထိအတွေ့လေးတွေ ပျက်ပြယ်သွားမယ်၊ ဒီနေ့ တစ်နေ့လုံး အီးမပါတော့ဘူး၊ ရေမချိုး တော့ဘူး၊ တကယ်လို့ ပါရင်လည်း ညာလက်နဲ့ ပဲ ကုန်းတော့မယ်"

"ဟာ … သွားပြီ ရောကုန်မှာ ပေါ့"

"ဇွန်းနဲ့ စားမယ်ကွာ"

"မင်း ဘာဖြစ် လာသလဲ မင်းဟံသာ"

"ချစ်သူရဲ့ နူးညံ့ ညင်သာတဲ့ လက်ချောင်း လေးတွေနဲ့ ဆုပ်ကိုင်မှုကို ခံခဲ့ရတယ်"

"ဟင် … မင်းဘယ်တုန်းက ချစ်သူ ရခဲ့တာလဲ၊ ကျောင်းပိတ်တာ ဘာမှ မကြာသေး ဘဲနဲ့ ကွာ"

စောလွင်၏ အမေးစကားကို မဖြေသေးဘဲ "ချစ်သူ" ဟူသော အသုံးအနှုန်းလေး အတွက်ကို ကျေနပ် ကြည်နူးစိတ်ဖြင့် ဘယ်လက်ကို ထပ်မံ၍ နမ်းရှိုက် လိုက်ရင်းက …

"ချစ်သူဟာ ကိုယ့်လက်ကို စိုးရိမ်တကြီးနဲ့ ဆွဲကိုင်ပြီး ဆူးလေ ကားလမ်းကို ကူးလာခဲ့တယ်လေ၊ ချစ်သူရဲ့ လက်ချောင်းလေးတွေက ရှည်သွယ်ပြီး သိပ်နူးညံ့တာ၊ လက်ဖဝါးလေး တွေကလည်း အိနေတာပဲ၊ သူ့လက်ဖမိုး လေးတွေက အကြောစိမ်းလေးတွေ ပြေးနေတာပဲ"

"ဟင်း …"

သတိလက်လွတ်နှင့် သူမ၏ ပုံရိပ်ကလေးနှင့် လက်ချောင်းကလေးများကို တမ်းတရင်း ပြောနေမိသည် မှာ ပါးစပ်နှင့် မပြောဘဲ နှလုံးသားက စကားပြော နေသကဲ့သို့ ပင်။

"သူ့ကို သိပ်ချစ်သွားမိပြီ စောလွင် သူ့ကို တကယ်ပဲ ချစ်မိသွားပြီကွာ၊ ငါ့ရင်တွေ တအားခုန်ပြီး သူ့နောက်ကို သတိလက်လွတ် လိုက်ကြည့် မိတယ်ကွာ၊ သူ ရုပ်ရှင်ရုံထဲ ဝင်သွားပြီး ငါ့မျက်စိ ရှေ့က ပျောက်သွားတာတောင် ငါ့နှလုံးသားထဲက မပျောက်သေးဘူး စောလွင်၊ သူ့ကို ငါဘယ်လောက် ချစ်မိသွားလဲ ဆိုတာ မင်းသိလား"

"ဟင်း ... ပဒိုင်းသီး စားမိသလားကွာ"

"သူနဲ့ ငါ ဟိုးငယ်ငယ် ကတည်းက ချစ်သူတွေ ဖြစ်ခဲ့သလို နှစ်ပေါင်းများ စွာ ချစ်ခဲ့ကြသလို ဘဝ အဆက်ဆက်က ချစ်ခဲ့ကြသလိုပဲ၊ သူ့ကိုမှ မရရင် ငါ ရူးသွပ် ရတော့မယ် စောလွင်ရာ ... ငါ့ကို ကူညီစမ်းပါဦး၊ ငါ သူ့ကို မျက်ခြည် မပြတ်ရအောင် ရုပ်ရှင်ရုံက အလွှတ်မှာ သူ့နောက် လိုက်ပါရစေနော်"

"ဟာ ... အကြီးအကျယ် ပြဿနာ တက်နေပြီပဲကွာ"

အထက်တန်း ကျောင်းသား ဘဝကတည်းက အချစ်ဆိုတာကို ခံစားပြီး ကောင်မလေးများကို စာလိုက် ပေးတတ်သော ဝါတော်ရင့် စောလွင်ကို ဆရာတင်ကာ အကြောင်းစုံ ပြောပြပြီး ရုပ်ရှင်ရုံ ရှေ့မှာ သွားစောင့်နေလိုက်၏။

"မင်း သဘောကျနေတဲ့ ကောင်မလေးရဲ့ အဝတ်အစား၊ အရောင်အသွေးသာ ပြောလိုက်၊ ဘယ်သူလဲ ဆိုတာကို ငါတန်း ပြောပြမယ်"

"ဟာ ... မင်းက ..."

"အင်း ... မင်းနှစ်သက်တယ် ဆိုတည်းက လှတယ်၊ ဒါပေမဲ့ မင်းက အလှအပတွေကို မြင်ဖူး တွေ့ဖူး နေတာပဲ၊ တစ်ခါမှ ဒီလို မဖြစ်ဖူးလေကွာ၊ ဒီတစ်ယောက်မှ အသည်းအသန် ဖြစ်ရင် သူ့အလှက ထူးခြားရမယ်၊ ပြီးတော့ မင်းနဲ့ ဟာ အမှတ်တမဲ့ တိုက်ဆိုင်သွားတော့ မင်းရဲ့ ဖူးစာရှင် စစ်မှန်ရမယ်လေကွာ"

"ဟုတ် လိုက်လေ ဘိုးတော် စောလွင်ရယ်၊ အကြားအမြင် ဗေဒင် မှန်လိုက်လေဗျာ၊ ဒီညနေစာကို ကျွန်တော် ကျွေးပါ့မယ် ခင်ဗျာ ဘိုးတော် စောလွင်ကို ကောင်းကောင်း ကြီး ပြုစု ကျွေးမွေး ပါ့မယ်ဗျာ"

မကိစ္စမှာ အကွက်ကျကျ စီစဉ်တတ်သော စောလွင်ကြောင့် ရုပ်ရှင်ရုံ အလွှတ်မှာ လှမ်းမြင်နိုင်သော နေရာမှ စောင့်ကြည့်ခဲ့ရာ လေ့ကားထစ်များ ပေါ်မှ ဆင်းလာသော ပရိသတ် အများ စု၏ နောက်ဆုံး လူရှင်းခါနီးမှ ထွက်လာသော သူမကို မြင်လိုက်သည် နှင့် စောလွင်က တန်းပြောလိုက်သည် ။

"သူပဲ"

အလွန် တော်သော စောလွင်သည် ရှေ့တွင် ထွက်လာကြသော ပန်းရောင် မိန်းကလေး လေးငါးဦးကို မညွှန်ဘဲ သူမကိုသာ တိတိကျကျ ညွှန်ပြလိုက်သဖြင့် အလွန် ကျေနပ်သွား၏။

ထုံးစံအတိုင်း မိစီ လက်ဆွဲကာ ထွက် လာပြီး သုတ်ခြေတင် လာလေသည် ။ ကိုက်တစ်ရာ ကျော်မှ လိုက် လာပြီး မျက်ခြည် မပြတ်စေရန်နှင့် မသိသာစေရန် နှုတ်ဆိတ် လာလေသည် ။ ဆူးလေ ကားမှတ်တိုင်သို့ တန်းဆင်း လာပြီး မှတ်တိုင်မှာ ကားစောင့်နေရင်းက စောလွင်မှာ မအောင့်အည်းနိုင်ဘဲ တီးတိုး ရေရွတ်လိုက်သည် ။

"ရှေ့က ကြည့်လည်း ယဉ်တယ်၊ ဘေးက ကြည့်လည်း ယဉ်တယ်၊

နောက်က ကြည့်လည်း ယဉ်တယ်၊ သိပ်ယဉ်တဲ့ မမလေး ပဲကွာ"

စောလွင်၏ စကားကြောင့် ကျေနပ် ပီတိဖြစ်ကာ ပြုံးပြုံးကြီး ဖြစ်သွားသော ကျွန်တော့် မျက်နှာကို ငဲ့ကြည့်ရင်း နောက်ဆက်တွဲ စကားကြောင့် ကျွန်တော့် လက်သီးက စောလွင် လက်မောင်းပေါ်သို့ ကျရောက် သွားတော့သည် ။

"ငါတောင် တော်တော်လေး သဘောကျသွားပြီကွာ"

***

"တောင်ဥက္ကလာ အင်းဝလမ်း မှတ်တိုင်ပေါ်မှာ ရှိတာပဲ၊ သူတို့ အိမ်အောက်ထပ်မှာ စတိုးဆိုင် တစ်ဆိုင် ရှိတယ်ကွာ၊ အဲဒီမှာ မိစီ ထိုင်တယ်၊ ဖုန်းလည်း ရှိတယ်၊ ဖုန်းနံပါတ်က ...... ကွ၊ အိမ်ပေါ်ကို လိုင်းခွဲထားတယ်"

အလွန် တိကျသော စောလွင်က နောက်နေ့မှာ အပြည့်အစုံ စုံစမ်းလာသည် ။ အင်းစိန်မှာ နေသော သူက ဘယ်လိုမှ မစုံစမ်းသာသဖြင့် မဟာဗန္ဓုလမ်း ပန်းခြံလမ်းမှ စောလွင်က တောင်ဥက္ကလာကို သွားပြီး စုံစမ်း လာခဲ့သည် ။

"ဒါဆို သူက မမလေးပဲ၊ နာမည်ကို မသိပေမဲ့ မိစီခေါ်တဲ့ နာမည်ကို သိရရင် တော်ပြီ"

"ဒါဆိုရင် မင်းက ငါ့ဂျီအက်စ်အမ် ဖုန်းကနေ ဖုန်းဆက်လိုက်၊ ငါက မိစီ ကိုင်မကိုင် စောင့်ကြည့်နေမယ်၊ သူ့ဆီမှာ ဈေးဝယ်ရင်းပေါ့"

"အင်း ... ကောင်းတယ်"

သဘောတူပြီး ထွက်လာကြရာတွင် ဆိုင်နားသို့ ရောက်ခါနီးမှ ကျွန်တော့် ရင်တွေ တအားခုန်ပြီး လက်ဖျား ခြေဖျားများ အေးစက်လာကာ ...

"ငါ ... ငါ ... ဘာပြောရမလဲ"

"ဟာ ... မင်းကလည်း ဟိုကထူးရင် မီးစင် ကြည့်ကပေ့ါကွာ မင်းကလည်း ..."

"ငါမပြောရဲဘူး မင်းပြောပါကွာ"

စောလွင်က တွေတွေလေး ဖြစ်သွားပြီးမှ ...

"ကဲ ... ဒါဆို မိစီက မင်းကို မြင်ရင် မှတ်မိမှာ တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ မင်းမသွားနဲ့ ဒီဘက် ကားလမ်းကနေ ဖုန်းဆက်မယ်ကွာ စပီကာ ဖွင့်ပြီး ပြောမယ်"

"ကောင်းတယ် သိပ်ကောင်းတယ် ကျေးဇူးရှင် ဒီညနေလည်း ကျွေးပါ့မယ်"

"မလုပ် ပါနဲ့ တော့ကွာ နောက်ဆိုရင် အကုန်အကျ များ တော့မှာ ပဲ၊ ရည်းစားထားရင် အလည်အပတ် လာတော့မယ်လေကွာ၊ အဲဒီအတွက် စုထားရမယ်"

စောလွင်က မဟာဗန္ဓုလ ပန်းခြံလမ်း တီဗွီဆိုင်တွင် စီးပွားရေး လုပ်ငန်းရှင်ဖြစ်၍ သုံးစွဲနိုင်သော်လည်း ကျွန်တော်ကတော့ နယ်မှ ခြံသမား မိသားစု ဖြစ်သဖြင့် သိပ်မသုံးစွဲ နိုင်ခဲ့ပေ။

"ဟယ်လို ... မိစီလား"

"ရှင် ... ဟုတ်ကဲ့"

"မိစီရေ ... မလေးကို ခေါ်လိုက်ပါကွာ"

"ရှင် ... မလေး ... အော် ... ဟုတ်ကဲ့ မမလေးခင်တာရေ ဖုန်းကိုင်လိုက်ပါ"

"ဟော ..."

သူ့နှုတ်ဖျားမှ ဟောခနဲ ဖြစ်သွား၏။ နာမည် သိသွားပြီ။

"မမလေးခင်တာတဲ့ ၊ မလေးခင်တာ"

ရင်ထဲမှာ ရေရွတ်ရင်း ကျေနပ်သွားစဉ် ဖုန်းထူးသံ ကြားလိုက်ရ၏။

"ဟဲလို ..."

"မမလေးလား"

"ရှင် .. ရှင် ... ဟုတ်ကဲ့ပါ ဘယ်သူပါလဲရှင်"

"လူမြင်ရင်တော့ သိမှာ ပါ မလေးရယ်၊ အမှတ်တမဲ့ တွေ့ဆုံမှုကို မလေးက သတိရနေရင် အမှတ်ထားခဲ့ရင် ချက်ချင်း သိမှာ ပါ"

"ဟင် ... ပဟေဠိ နန်းတော်ထဲကကိုး ကဲ ... ဟုတ်ပြီ ... လူမြင်အောင် ထွက်ပြလေ ဘယ်လို တွေ့ရမလဲ"

"ပဟေဠိ နန်းတော်ပဲ ထားလိုက်ပါ မလေးရယ်"

"ဟင် ... ဇာတ်လမ်း တစ်ပုဒ် စချင်လို့ လား"

"ဆိုပါတော့ ..."

စောလွင်က တုံ့ဆိုင်းဆိုင်းလေး ဖြေလိုက်၏။ အနည်းငယ် ရဲတင်းသော အမေးမို့ သူ့ရင်ထဲ ထင့်ခနဲ ဖြစ်သွားသည် ။ သူ့ရဲ့ အေးဆေးတဲ့ ပုံစံ

နဲ့ မညီအောင် စကားပြော သွက်လွန်းပါလား ...

"ဒါဆိုရင် .. ခေါ်လို့ ကောင်းအောင် နာမည်ပြော၊ ပြီးတော့ ကျောင်းကိုပြော တို့ က ဆယ်တန်း အောင်ပြီးပြီ၊ ဘယ်လိုင်းကို ကူးရမလဲလို့ ဦးနှောက် စားနေတာ"

"ဒါဆိုရင် ... ဂျီတီစီ တက်ပါလား၊ ကိုယ်က အဲဒီမှာ ပထမနှစ်အောင်ပြီးပြီ ဒုတိယနှစ်ပဲ"

"ဂျီတီစီ ဝေးတယ်နော် လှိုင်သာယာမှာ "

တုံ့ဆိုင်းဆိုင်းလေး ဖြစ်သွားပြီးမှ ပြန်ဖြေလိုက်သဖြင့် စောလွင်၏ စကားကို ကျေနပ် နှစ်သက် သွားမိသည် ။ ကျွန်တော်ဆိုလျှင် ဒီလောက်အထိ ပြောတတ်လိမ့်မည် မဟုတ်ပေ။

"ဖယ်ရီတွေ ရှိပါတယ်"

"အင်း ... ဒါဆို ... အိမ်နဲ့ တိုင်ပင်လိုက်ဦးမယ်၊ ကဲ ... နာမည်ပြော ... ဖုန်းနံပါတ်ပေး"

"နာမည်ပဲ ပြောမယ်၊ ဂျီတီစီ ရောက်ရင် လာတွေ့မယ်"

"အမယ် ... တို့ လာမယ်လို့ သေချာပေါက် တွက်ထားတာပဲနော်"

"လက်ဆွဲ ခေါ်ခဲ့ပြီးမှ ဖြုတ်မချချင်ပါနဲ့ မလေးရယ်၊ ကိုယ့်နာမည် ဟံသာ ... မင်းဟံသာ၊ ဟံသာအေး နိုင်လွန် မဟုတ်ဖူးနော် မင်းဟံသာတဲ့ "

ပြောပြီး ဖုန်းပိတ်လိုက်၏။

သက်ပြင်း ရှည်ကြီးချကာ ယခုမှ ပင် အသက်ပြင်းပြင်း ရှူဝံ့တော့သည် ။

သူမ အသံကြားနေသည့် အချိန်အတွင်းမှာ အသက်မရှူ ရဲတာလား၊

ရှူဖို့ မေ့နေတာလား မသိပေ။ ယခုမှ လေကို တဝကြီး ရှူလိုက်ရသည် ။

"ဘယ့်နှယ်လဲ ... လက်ဆွဲ ခေါ်ခဲ့တာကို သဲလွန်စ ပေးလိုက်ပြီ၊ သူသိမှာ ပါ၊ အသံက ကွဲနေတော့ နောက်ထပ် ဖုန်းပြောရင် ရိပ်မိမယ်၊ တစ်လလောက် လျှိုနေလိုက်ကွာ၊ ကျောင်းဖွင့် ခါနီးမှ သူ ဂျီတီစီ ရောက်မရောက် စုံစမ်း ပြီးမှ ဖုန်းဆက်လိုက် ခုံနံပါတ်နဲ့ အခန်းနံပါတ်နဲ့ တွဲစုံစမ်းရမယ်နော်၊ ဒါမှ ကောင်မလေးက အထင်ကြီး သွားမှာ ၊ ဒီကြားထဲမှာ အီစီကလီ သွားမလုပ်နဲ့ ဦး၊ တော်ကြာ ရိုးသွားမယ်"

စောလွင်၏ စကားကို နားထောင် လိုက်မိလျှင် ကောင်းသား၊ ခုတော့ စောလွင်၏ စီမံကိန်းကို ပယ်ပြီး စောလွင် နယ်ထွက်နေစဉ် ဖုန်းအဆက်အသွယ် လုပ်မိလိုက်သည် ။

သူလေးနှင့် ပထမဦးဆုံး စကားပြောချင်၍ တမင် စမ်းသပ်လိုခြင်းပင် ဖြစ်သည် ။

စောလွင်က သန်လျင်တွင် တီဗွီဆိုင်ခွဲ ဖွင့်ထားစဉ် သူက စောလွင်၏ မဟာဗန္ဓုလ ပန်းခြံလမ်း ဆိုင်မှာ နေပြီး အရောင်းအဝယ် ဝင်လုပ်ရင်း သူမနှင့် စကားပြောချင် တွေ့ချင်နေသဖြင့် စောလွင် စကားကို နားမထောင်ဘဲ ဆယ်ရက်ခန့် အကြာမှာ ဖုန်းဆက် မိလိုက်သည် ။

"မလေးလား ဟင်"

"အခု စကားပြောနေတာ ဘယ်သူလဲ ဟင်"

"မ ... မမှတ်မိဘူးလား မင်းဟံသာ"

အတွေ့အကြုံ မရှိသဖြင့် အထစ်ထစ် ဖြစ်နေသော သူ့စကားသံကြောင့် တစ်ဖက်မှ ရယ်မောသံလေး လိုမ့်စီးဝင် လာလေသည် ။

ရင်တွေ ခုန်ကာ အသံများ တုန်ရီ နေသည် ကို တစ်ဖက်မှ လေးခင်

တာ ရိပ်မိခြင်း ဖြစ်သည် ။

"ဘာဖြစ်နေလဲ ဖျားနေလား"

"ဟုတ် ... ဟုတ်ကဲ့"

"အို ဟုတ်လား ... ဒီဂရီ ဘယ်လောက်အထိ တက်နေလဲ ရှင့်"

"ဟို ... ဟို တစ်ထောင့် ငါးရာ"

"ဘုရားရေ ... အဲဒီလောက် မြန်မြန်နဲ့ မြင့်မြင့်ကြီး တက်နေပါလား"

နှုတ်ဖျားမှ လွှတ်ကနဲ ပြောမိလိုက်သည့် စကားကို ကိုယ့်ဘာသာကိုယ် အံ့သြကာ ဘာဆက်ပြော ရမှန်းမသိ ဖြစ်သွား၏။

"သူ့ကို မမြင်ဖူးဘဲနဲ့ တို့ က ဘယ်လို ဆေးကု ပေးရမှာ လဲ ဟင်"

ဘာပြော ရမှန်းမသိ ဖြစ်သွားပြီး ဖုန်းကိုင်ကာ ငေးကြောင် ကြောင်နှင့် ရင်ခုန် တုန်ရီ နေမိသည် ။ သူ့ကိုယ်သူလည်း ဒီလောက် မြန်မြန်ကြီး ပြောချလိမ့်မည်ဟု မထင်ခဲ့ပေ။

စောလွင်၏ ဆိုင်မှာ ထိုင်ရင်း အလုပ် ရှုပ်နေသည် မို့ သူမထံ မသွားဖြစ်ဘဲ အဝေးမှ နေ လွမ်းဆွေး တမ်းတသည့် စိတ်က အုံခဲနေသောကြောင့် ပွင့်ထွက်သွားခြင်း ဖြစ်ပေလိမ့်မည်။

"ဟင်း ... ဘာလို့ မဖြေလဲ ကိုလူနာရယ်၊ ဒီကို လာခဲ့လေ ဆေးကုသင့် မသင့် ကြည့်ရမှာ ပေါ့"

"ရ ... ရပါတယ်ဗျာ၊ မကုပါနဲ့ တော့"

"ဟော ... ဟော အားလျော့ သွားတာလား၊ ကဲ ... ဒါဖြင့် ဖုန်းနံပါတ်ပေးလေ၊ အားဆေးတော့ ကျွေးထား ရမှာ ပဲ၊ ရောဂါတော့ သိပြီ၊ ဆေးကျွေးသင့် မသင့် စဉ်းစားရမှာ ပေါ့နော် မဟုတ်ဘူး လား"

"ကျောင်း လျှောက်ဖြစ်လား"

"အင်း ... သူနဲ့ တွေ့ချင်လို့ ဝါသနာ မပါပေမဲ့ လျှောက်လိုက်ပါတယ် "

"အင်" ... ရင်ထဲမှာ ဒိန်းကနဲ မြည်ဟည်းသွားပြီး ထိုစကားသံနှင့်ပင် သူ့ရင်မှာ ပရမ်းပတာ ခုန်သွားပြီး ဆင်ခြင်ဉာဏ် မရှိသလို စောလွှင် စကားကို မေ့ကာ တီဗွီဆိုင်၏ ဖုန်းနံပါတ်ကို ပေးမိ လိုက်တော့သည် ။

ထိုနေ့မှ စ၍ ညစဉ် ဆိုင်ပိတ်ချိန်တိုင်း သူမနှင့် စကားပြော ဖြစ်ကြတော့သည် ။

"လူနာ ... နေကောင်း သွားပြီလား"

"ဟင့်အင်း မကောင်းသေးဘူး၊ ဆေးမှ မသောက်ရ သေးတာ"

"ဆေးသောက် ချင်ပြီလား"

"ဟုတ်တယ် ... ရောဂါက သိပ်ရင့်နေပြီဗျာ"

"ဒါဆိုရင် ... လူနာ အခြေအနေကို ကြည့်မယ်လေ၊ ဒါမှ ဆေးတိုက်သင့် မသင့် ဆုံးဖြတ်လို့ ရမှာ ပဲပေါ့"

ရုတ်တရက်မို့ ရင်ထဲ ဒိတ်ကနဲ ဖြစ်သွား၏။ မျက်နှာ တစ်ခုလုံးလည်း ပူရှိန်းရှိန်း ခံစားလိုက် ရသည် ။ သူမကို တွေ့မယ်ဆိုတော့ အလိုလို ကြောက်ရွံ့သွားမိပြီး ရှက်သလိုလို ခံစားနေမိသည် ။

"ဘာလဲ ... မတွေ့ ချင်ဘူးလား"

"အချိန် မတန်သေးဖူးလေ"

"ဘယ်အချိန်ဟာ အချိန် တန်ပြီလဲ"

"ကျောင်းဖွင့်ချိန်"

တစ်ဖက်မှ ခေတ္တ စကားသံ တိတ်သွားသည် ။ ပြီးမှ ညှင်းသဲ့သဲ့လေး ရယ်မောလျက် ...

"ကောင်းပြီလေ ... သူက ဘာလို့ ဒီလောက်တောင် လျှို့ဝှက် ချင်နေရတာလဲ၊ ဒီက သိပ်သိချင် နေတာပါ"

"အံ့သြ ရင်ခုန် ကြည်နူး ပျော်ရွှင် ရအောင်လို့ ပါ၊ ကျောင်းဖွင့်ရင် မင်းကို လက်တွဲခေါ် သွားမယ်လေ၊ မင်းရဲ့ နူးညံ့ နွေးထွေးတဲ့ လက်တစ်စုံကို ကိုယ်ဘယ်တော့မှ မေ့မရဘူး သိလား"

ရင်ထဲမှ ခံစားချက် တစ်စွန်းတစ်စကို ဖွင့်ဟ လိုက်ရင်းက သူမကို အလွန် တွေ့ချင်နေမိသည် ။ သို့ရာတွင် တစ်ယောက်တည်း ရင်ဆိုင်ရန် အားအင်များ မရှိနေသလိုပင် စောလွင်ကို အားကိုးနေမိပြီး ကျောင်းဖွင့်မှ စောလွင်ရယ် ကိုထွဋ်ရယ် မင်းဆွေရယ်ကို ခေါ်ပြီးမှ မလေးကို စောင့်ရှောက်မယ်ဟု ဆုံးဖြတ်ချက် ချထားသဖြင့် မတွေ့ရဲပေ။

သို့ရာတွင် ဖုန်းဖြင့် မကြာခဏ စကားပြောရင်း ရင်ခုန်နေရသည့် အရသာကို ကြည်နူးပီတိ ဖြစ်နေမိသည် ။

ပထမဦးဆုံး ဖြစ်ပေါ်လာသော အချစ်ဦး အကြောင်းကို သူငယ်ချင်းများအား အသိပေးချင်သည် ၊ ကြွားချင်သည် ။ ကျွန်တော်တို့ သူငယ်ချင်းများ အားလုံးထဲတွင် စောလွင် တစ်ဦးတည်းသာ ချစ်သူများများ ထားခဲ့ပြီး မိမိတို့ သုံးဦးမှာ ချစ်သူမရှိဘဲ ယောင်ချာချာ နောက်ပြောင် ပြောင်နှင့်သာ စာသင်နှစ်ကို ကုန်ဆုံး သွားစေသည် ။

"ကျောင်းသား ဘဝပဲ ပျော်ပျော်ပါးပါး ချစ်သူ ထားရတာကွ၊ စီးပွားရေး လောကထဲ ဝင်သွားရင် ဒီလို ပျော်စရာ အချိန်တွေက ရှိတော့မှာ မဟုတ်ဘူး ၊ အိမ်ထောင် ကျသွားရင် ပိုဆိုးလိမ့်မယ်"

စောလွင်က ဆရာကြီးဖြစ်ကာ အချစ် အကြောင်းကို ဖွင့်ဟကာ ပြော လေ့ရှိပြီး သင်ခန်းစာများ ပို့ချလျက် ရှိ၏။

"ဒါပေမဲ့ ... သိပ်ပြီး မခံစားနဲ့ ၊ မတွယ်ညိစေနဲ့ ကွ၊ ချစ်သူ မိန်းက လေးတွေဟာ ပေါတယ်၊ တံ့ပြန်ရင် ချစ်လို့ ရတယ်၊ ပေ့ါပေ့ါပါးပါးပဲ ချစ် ကြတာ အကောင်းဆုံးပဲ၊ ရင်ထဲအထိ သိပ်မခံစားပါနဲ့ ကွာ၊ မိန်းမ ယူရင် လည်း ဒီအတိုင်းပဲ၊ ဘဝမှာ တည်ငြိမ်ဖို့ အိမ်ထောင် ပြုတာပဲကွ၊ ထောင် မကျစေနဲ့ "

စောလွင်ကို ဆရာကြီး တင်ထားသော်လည်း စောလွင် ပြောသကဲ့သို့ အချစ်ကို ပေ့ါပေ့ါပါးပါး သဘောမထားနိုင်ဘဲ သူမ မျက်နှာလေးကိုသာ တဝဲလည်လည် မြင်ယောင်နေလျက် ရှိသည် ။

နူးညံ့သော လက်ချောင်း ကလေးများ နှင့် ပါးရိုးစွန်းမှ မှဲ့ စိမ်းလေး ကို စဉ်းစား ကြည့်မိသည့် အခါတိုင်း ရင်တွေ အလွန်အမင်း လှုပ်ရှား လွ န်းလှသည် ။ စောလွင် ပြောသကဲ့သို့ ပေ့ါပေ့ါပါးပါး ချစ်ကြည့်၍ မရ တော့ ...

အသည်း နှလုံးထဲထိ သူမ၏ အရိပ်လေးသည် ထိုးဝင် စူးနစ် သွား တော့သည် ။

"ဒီအတိုင်းသာ ဆိုရင် မင်းတော့ သိပ်မလွယ်တော့ဘူး မင်းဟံသာ၊ ယောကျ်ား တစ်ယောက်ဟာ အချစ်မှာ အဲဒီလောက် ပျော့ညံ့ မနေပါနဲ့ ကွာ"

"ဟုတ်တယ် ... ကိုထွဋ်ပြောတာ မှန်တယ်၊ မင်း အဲဒီလောက် ပျော့ ညံ့နေရင် ခံသွားရလိမ့်မယ် ကိုယ့်လူ"

ကိုထွဋ်၏ စကားကို မင်းဆွေက ထောက်ခံလိုက်သည် ။ ဘာမျှ မပြော

ဘဲ နှုတ်ဆိတ်လျက် သူ့အား ပြုံးကြည့်နေသော စောလွင်ကို လှမ်းကြည့်ကာ မနေတတ် မထိုင်တတ် ဖြစ်ပြီး ...

"ဘာကြည့် တာလဲကွာ"

စောလွင်က တစ်ချက် ပြုံးလိုက်ရင်းက ...

"ငါက စကားပုံ နှစ်ခုကို သွားသတိရလို့ "

စကားပြောရင်း ထိုင်ရာမှ ထ၍ တီဗွီ အပေါင်း တစ်လုံးကို မကာပြင်သည့် နေရာသို့ သွားထားရင်း ...

"မမြင်ဘူး မူးကို မြစ်ထင်၊ အရူး အမဲသား ကျွေးမိသလို ဆိုသလိုပဲကွာ၊ ငါတော့ မနိုင်တော့ဘူး၊ မလှုပ်ရှား ပါနဲ့ ဆိုလည်း မရဘူး၊ ညတိုင်း ဖုန်းဆက် နေတယ်တဲ့ "

"သူက စဆက်တာပါကွာ"

"ငါဖုန်းဖိုး ကုန်မှာ စိုးလို့ ပြောတာ မဟုတ်ဘူး ၊ ကောင်မလေးက ကဲတာကို ပြောတာကွ၊ အခု ... သူကလည်း ရှောင်လို့ မရ ဟိုကလည်း ကဲကဲသဲသဲနဲ့ တွေ့နေပြီ"

"လှရော လှလို့ လားကွာ"

"ပြောပြစမ်းပါ စောလွင်ရာ ငါ့ရင်မှာ တစ်ခါမှ မဖြစ်ပေါ် ခဲ့ဖူးတဲ့ အချစ်စိတ်တွေ ဝုန်းခနဲ ပွင့်အံ ကျလာတဲ့ အထိ ဘာလို့ များ ဒီလောက် တုန်လှုပ် သွားရတာလဲ ဆိုတာကို ပြောပြ လိုက်စမ်းပါကွာ"

ပြောလိုက်ရင်း ဆိုင်ရှင် စောလွင် လာသဖြင့် အေးအေး ဆေးဆေး နှင့် စာရင်း စာအုပ် ဖွင့်ပြထားကာ တီဗွီ သေတ္တာ အကွယ်မှ ပက်လက်ကုလားထိုင် တစ်ခုမှာ ကျောဆန့်လိုက်ရင်း စိတ်ကူး ယဉ်လိုက်မိသည် ။

မမလေး ဆွဲကိုင်ခဲ့သော ဘယ်လက်ချောင်း များမှာ ယခုထက်တိုင် နု ထွေးသော အတွေ့အထိ လေးကို ခံစားနေရလျက် ထိုလက်ချောင်း လေး များမှာ သူ့ပါးပြင်ကို တို့ ထိ၍ ကျီစယ်မည့် နေ့ရက်များကို မျှော်လင့်ရင်း ကြည်နူး ပျော်ရွှင်စိတ်များမှာ ရင်နှင့်အမျှ ပြည့်သိပ်ပြီး ကျောင်းဖွင့် ရက် နေ့များ မြန်မြန် ရောက်ပါစေဟု ဆုတောင်း နေမိသည် ။

***

"ဟင် ... မလေးရော"

"ဘယ်လို ဖြစ်တာလဲ ကျွန်မ လေးခင်တာ အစစ်ပါ၊ ဒီမှာ မှတ်ပုံတင် ကတ်လေ၊ သူက ကျွန်မကို မြင်ဖူးတယ် ဆိုပြီး အခုမှ ဘာ အူကြောင်ကြောင် လုပ်နေတာလဲ၊ ဘာလဲ ယူနီဖောင်းနဲ့ မို့လို့ လား"

ကျောင်းရှေ့မှာ ယောင်လည်လည် ဖြစ်နေမှာ စိုး၍ စောလွင်၏ ကား ကို မင်းဆွေက မောင်းပြီး ကိုထွဋ်က ရှေ့မှာ ထိုင်ကာ သူနှင့် လေးခင် တာက နောက်မှာ ထိုင်ရန် စီစဉ်ထားပြီး တောင်ဥက္ကလာ အိမ်သို့ ကြိုတ င် ချိန်းထားသော ရှစ်နာရီ အချိန်ကို သွားကြိုခဲ့သည် ။ စောလွင်က လားရှိုးသို့ ခရီးလွန်နေ၍ မရောက်သေးပေ။

ကျောင်းဝတ်စုံ အင်္ကျီအဖြူ ထဘီ နက်ပြာရောင် ဝတ်ကာ ကျောပိုး အိတ် လွယ်၍ ထွက်လာသော လေးခင်တာ ဟူသည့် မိန်းကလေး ကြောင့် သူ့ခေါင်း တစ်ခုလုံး ပူထူ သွားတော့သည် ။

" မဟုတ်ဘူး ... မဟုတ်ဘူး "

ဆံပင်အခွေ အတွန့် ကလေးများကို ရင်ညွန့်ထက်မှာ ချထားပြီး

နှုတ်ခမ်း ပါးလေးတွင် ရွှန်းလက်သော ပန်းဆီရောင်လေး ဆိုးထား၏။ မိန်းမချောလေး ဖြစ်သော်လည်း သူမ မဟုတ်ပေ။ ပါးရိုးထက်မှာ မှဲ့စိမ်းလေးလည်း မရှိ။ မသင်္ကာသလိုနှင့် ဆိုင်ကို လှမ်းကြည့် လိုက်မိသည် ။

"ခဏနော် ... သူ့ကို တို့ အမေနဲ့ မိတ်ဆက် ပေးမယ်၊ ခဏ အိမ်ပေါ်တက်ပါဦးလား"

"နေ ... နေပါစေ ... နောက် ... နောက်မှ "

နဖူးမှ ချွေးများ ပျံ့ လာပြီး ထစ်အလျက် ငြင်းဆန် လိုက်သော်လည်း မရတော့ပေ။ သူမက အတင်း ခေါ်နေသဖြင့် ကိုထွဋ်က ...

"ဆင်းလိုက်ပါကွာ မိတ်ဆက်ပေးရုံ အသိအမှတ် ပြုရုံပဲ မဟုတ်လား၊ မြန်ပါတယ်ကွာ"

"ကိုထွဋ်ရဲ့ ကိုထွဋ် ခဏ လိုက်ခဲ့ကွာ"

သူသည် မူကြို ကျောင်းတက်ခါစ ကလေးလို ကြောက်ရွံ့ ထိတ်လန့်နေသဖြင့် ကိုထွဋ်က ပြုံးကာ သူ့အတွက် အားပေးဖော် အဖြစ် လိုက်လာခဲ့သည် ။

"ကိုယ် ... ကားလှည့် ထားမယ်"

မင်းဆွေက ကားစက်နှိုးပြီး ကျန်ရစ်ခဲ့သည် ။ သူက သူမ နောက်သို့ လိုက်လာရင်း ကိုထွဋ်နှင့် အကြည့်ချင်း ဆုံမိသောအခါ ကိုထွဋ်က သူ့အား မသင်္ကာသလို ကြည့်ရင်းက ...

"မင်းကလည်း ကွာ သတ္တိ မရှိဘူး၊ ကလေး ကျနေတာပဲ"

ကိုထွဋ် စကားကို ငြင်းဆန်ချင်၍ သူ ခေါင်းယမ်း လိုက်ရင်း မူးနောက်သလိုလို ဖြစ်လာ၏။

ကျောင်းဖွင့်ရက်ကို လက်ချိုး စောင့်ရင်း ညဆယ်နာရီ ဆိုင်ပိတ်ချိန် သူကလည်း ဆိုင်ပိတ်ချိန်၊ မလေးကလည်း ဆိုင်ပိတ်ချိန်မို့ စကားတွေ ပြောဖြစ်ကြသည် မှာ နာရီဝက်ခန့် ကြာသည် ။ ပြီးတော့ စိတ်ကူးယဉ် ကာ အိပ်ပျက်သဖြင့် မူးနောက်နောက် ဖြစ်နေသည့်အပြင် ယခုလို လူ များ တွေ့လိုက် ရသောအခါ အံ့အားသင့်ကာ တုန်လှုပ် ခဲ့ရသည် ။

"မေမေ ... သူက သမီး ပြောပြော နေတဲ့ တီဗွီဆိုင်က ကိုမင်းဟံသာ လေ၊ ဒါက တို့ မေမေပါ၊ သူက တို့ ညီမလေး ထွေးခင်တာ၊ ဒီညီမ နှစ် ယောက်တည်း ရှိတယ်လေ"

ဆယ့်လေးနှစ် အရွယ် ညီမလေး တစ်ဦးသာ ရှိသတဲ့ ။

"အော် ... အော် ... ဟုတ်ကဲ့"

ကြောင်အအနှင့် နှုတ်ဆက်ရင်း ငိုချင်သလိုလို ရယ်ချင်သလိုလိုနှင့် ဘာပြော ရမှန်းမသိ ဖြစ်နေစဉ် သူမ၏ မိခင်ကြီးမှာ အလွန် ဖော်ရွေ သော အပြုံးနှင့် ...

"အော် ... ဝင်ထွက် သွားလာပေါ့ကွယ်၊ သမီးက ကျောင်းစတက် ရ မှာ မို့ သိပ်ကြောက်နေတာ၊ ဒါပေမဲ့ မင်းဟံသာနဲ့ ရင်းနှီးသွားတော့ စိတ် မပူတော့ဘဲ ပျော်နေတာ၊ နို့မဟုတ်ရင် အမေကပဲ လိုက်ပို့ ပေးရမှာ ၊ မင်းဟံသာကို အန်တီက သိပ်ကျေးဇူး တင်တာပဲကွယ်"

"ဟုတ် ... ဟုတ်ကဲ့"

"စိတ်ချပါ အန်တီ ကျွန်တော်တို့ က ကိုယ့်ညီမလေး အရွယ် ကျောင်း သူ အသစ်တွေကို ကျောင်းသား ဟောင်းကြီးတွေက စောင့်ရှောက် သွား မှာ ပါ"

ကိုထွဋ်က နှုတ်သွက်သလောက် သူကတော့ ရယ်မလို ပြုံးမလို မျက်

နှာနှင့် နှုတ်ဆက်ကာ အမြန် ထွက်လာလိုက်သည် ။

"ခွင့်ပြုပါဗျာ အခန်းရှာ ရမှာ မို့ပါ"

ဆိုင်ထဲမှာ ကောင်မလေး တစ်ဦးသာ ရှိနေသည် ။ မိစီကို မတွေ့ရတော့ပေ။

မျှော်လင့်ချက် မရှိဘဲ သူ့ရင်ထဲမှ မလေး ပျောက်ကွယ်သွားကာ မလေးခင်တာ ဟူသော မိန်းကလေး၏ ရွှန်းလက် တောက်ပသော အကြည့်တွင် ကျေနပ် ပျော်ရွှင်မှုကိုသာ ခံစား လိုက်ရသည် ။

"ကိုကို မင်းဟံသာကို မလေး သိနေတာ အံ့ဩ နေလို့ လား ဟင်"

"ဟင်း ..."

အင်းလိုလို သက်ပြင်းချသံ လိုလို စကားသံက ထွက် လာပြီး ဘာပြောရမှန်း မသိအောင်ပင် တုန်လှုပ် အံ့ဩနေမိ၏။

"သိပ်မအံ့ဩပါနဲ့ ကိုကို မင်းဟံသာရယ် ... မလေးက ကိုကို့ ဖုန်းနံပါတ်ကို ကြည့်ပြီး တယ်လီဖုန်း လမ်းညွှန် စာအုပ်ထဲမှာ ရှာပြီး လာစုံစမ်းတာပေါ့၊ ပြီးတော့ တီဗွီဈေး စုံစမ်းသလိုလိုနဲ့ သူငယ်ချင်းတွေနဲ့ အတူတူဈေးလာမေး သေးတယ်လေ၊ လူနဲ့ နာမည်နဲ့ တွဲပြီး မြင်ဖူးအောင် စုံစမ်းပြီးမှ လက်ခံလိုက်တာပါ"

ရင်ထဲမှာ လွတ်ဟာသွား၏။

စောလွင် စကားကို နားမထောင်ဘဲ ဖုန်းနံပါတ် ပေးလိုက်မိသည့် အပြစ်ကြီးသည် ဤမျှ ကြီးကျယ်သော လွဲမှားမှု ဖြစ်လိမ့်မည်ဟု ဘယ်တုန်းကမှ မစဉ်းစား မိခဲ့ပေ။

ခုတော့ ... ရင်ထဲက မလေး ဘယ်မှာ လဲ။

အမှန်တကယ်ပင် သူဟာ မလေးပါပဲ။ ဒါပေမဲ့ ကျွန်တော့် မလေး မ ဟုတ်ပေ။ လေးခင်တာကို မလေးဟု ခေါ်ကြပြီး မလေး အထွေးဟု တစ် အိမ်လုံးရဲ့ အချစ်တော် ညီမနှစ်ဦးသာ ရှိသည် ။

ကျွန်တော့်ရဲ့ မမလေးကို ရှာမတွေ့တော့ပေ။ နဖူးစာ မင်ရည် ကြဲလျ က် လွဲချော်မှုဖြင့်သာ ...

ဒီမလေးကို ကျွန်တော် စွန့်လွှတ်၍ မရနိုင်လောက် အောင်ပဲ မလေး က ကျွန်တော့်အား တွယ်ကပ် နေလေပြီ ဖြစ်သည် ။

ချက်ချင်းပင် သူမအား အတန်းထဲ ပို့ပေးပြီး ကျောင်းတက် အောင်အ ထိ မစောင့်တော့ဘဲ သူငယ်ချင်း နှစ်ယောက်အား ခေါ်၍ ရင်ဖွင့် လိုက် တော့သည် ။

"ဟုတ်တာတွေ မဟုတ်တာတွေ ပြောမနေပါနဲ့ တော့ကွာ၊ မင်းကို ပြောထားသားပဲ ဘာကိုမှ အလေးအနက် မထားတော့ဘဲ ဒီမလေးကို ချ စ်လိုက်ပါ၊ မင်းချစ်ထိုက်တဲ့ လှပချောမောတဲ့ မိန်းကလေးပါကွာ"

ကိုထွဋ်နှင့် မင်းဆွေတို့ ၏ ထောက်ခံ စကားကို ငေးမော တွေဝေစွာ ငြိမ်နားထောင် ရုံအပြင် ဘာစကားမျှ ပြန်မပြော နိုင်တော့ဘဲ ကြက်ကြီး လည်လိမ်ထားသလို ဖြစ်နေ၏။

"မင်းက သေသေချာချာ စုံစမ်းသင့်တယ်ကွာ"

"စောလွင်နဲ့ အတူတူ သွားကြည့်ခဲ့တာပဲ၊ သူ အဲဒီ အိမ်ထဲ ဝင်သွားပြီး သူ့ရဲ့ ညီမ မိစီဆိုတဲ့ ကောင်မလေးက ကောင်တာမှာ ထိုင်ပေးတာ တောင် မြင်ခဲ့သေးတယ်ကွာ၊ ဘယ်လို ဖြစ်ရတာလဲ မသိဘူး၊ ဒုတိယ အကြိမ် သွားကြည့်တော့ မိစီ ရှိနေသေးတယ်၊ သူနဲ့ ဖုန်းတောင် ပြောခဲ့ သေးတာ"

"ဖုန်းပြောတာ မင်းမြင်လို့ လား"

"မြင်တော့ မမြင်ဘူး အိမ်ပေါ်က ပြောတာထင်တယ်၊ ဒါပေမဲ့ မိစီက သူ့ကို မမလေး ခေါ်လို့ စောလွင်က မမလေးနဲ့ စကား ပြောချင်တယ် ပြောတာ အပေါ်ဖုန်းနဲ့ လှမ်းချိတ်ပေးတယ်၊ စောလွင် ကိုယ်တိုင် ဈေး ဝယ်ပြီး စောင့်ကြည့်လာတယ်"

"ဧည့်သည် ရော မဖြစ်နိုင်ဘူးလား သေသေချာချာ မစုံစမ်းဘဲနဲ့ ကွာ မင်းဟာကလည်း ..."

သူ့နဖူးပြင်မှ ချွေးများကို ပွတ်သုတ်လိုက်ရင်း သက်ပြင်း မောကြီး ချ ကာ ဘယ်လိုမှ ဆုံးဖြတ်၍ မရနိုင်အောင် စိတ်ဓာတ် ကျသွား မိတော့သ ည် ။

"စောလွင် သိပါတယ်ကွာ သူ မဟုတ်ပါဘူး"

"ဒါပေမဲ့ ကောင်မလေးက သိပ်တွယ်သွားပြီ၊ သူ့မိဘတွေနဲ့ တောင် မိ တ်ဆက် ပေးလိုက်ပြီပဲကွာ မင်းကလည်း ..."

"ဟူး ..."

ကိုထွဋ်က သူ့ပခုံးကို အားပေးသလိုလိုနှင့် ဖက်ရင်း ...

"ဒီကောင်မလေး နာမည်က မလေးခင်တာပဲ၊ မမလေး ဆိုတာ သူပဲ အစစ်အမှန်ပေါ့ မဟုတ်ဘူး လား၊ တွဲလိုက်ပေါ့ကွာ မင်းမှာ လည်း ချစ် သူမှ မရှိတာ တွဲရင်း ချစ်သွားမှာ ပါကွာ၊ စောလွင်လိုပဲ အချစ်ကို ပေါ့ ပေါ့ပါးပါး သဘောထား လိုက်တော့ပေါ့"

သူ ဘာစကားမျှ မပြောချင်တော့ပေ။ ဒုတိယနှစ် ကျောင်းဖွင့်စ နေ့ သည် သူ့အတွက် ဝမ်းနည်း ကြေကွဲမှုများ ဖြင့် စတင်ခဲ့သော နေ့ဖြစ်နေ ခဲ့၏။ အချစ်သည် ဤမျှ ဝမ်းနည်း ကြေကွဲစရာ ကောင်းလိမ့်မည်မှန်း

ကြိုသိခဲ့လျှင် မြည်းစမ်း ကြည့်မိလိမ့်မည် မဟုတ်ပေ။

"စောလွင်က ဘယ်လောက် ကြာမှာ လဲ"

"တစ်ပတ်တဲ့ "

"စောလွင်အစား မင်းပဲ ခရီးထွက်လိုက်ရင် ကောင်းမယ်ကွာ"

"အစကတော့ ငါသွားမလို့ ဘဲ၊ ဒါပေမဲ့ ကျောင်းစဖွင့် နေတော့ ငါက သူ့ကို သိပ်တွေ့ချင်ပြီး နေခဲ့တာကိုးကွ၊ သူသာဆိုရင် သိပ်ပျော်စရာ ကောင်းမှာ ပဲ"

"အခုလည်း ပျော်စရာ ကောင်းပါတယ်ကွ၊ သူတို့ ဌာနထဲမှာ မင်း ကောင်မလေးက အလှဆုံးပဲ၊ ကွင်းတောင်မှာ အရွေးခံ ရမှာ သေချာ တယ်၊ မင်း အမှား ကောင်းပါတယ်ကွ၊ မင်းရှာနေတဲ့ ကောင်မလေးက သူ့လောက်တောင် လှပ့ါမလား"

ကိုထွဋ်က အားပါးတရ ပြောလိုက်သည် ကို မချိပြုံး ပြုံးရန်ကိုပင် အ တော်လေး အားယူ နေရ၏။

"လှတာ ချောတာထက် ယဉ်တာက ပိုတယ်၊ သူ့ရဲ့ ရည်းစားတွေ ထ က်တောင် ဆွဲဆောင်မှု ပိုရှိတယ်လို့ "

သူ၏ ငေးကြောင်ကြောင် အမူအရာကို ကြည့်ကာ မင်းဆွေရော ကို ထွဋ်ပါ ဘာစကားမျှ မပြောနိုင်တော့ပေ။ ထိုနေ့က သူစောစော ပြန်ခဲ့၏ ။ ကိုထွဋ်နှင့် မင်းဆွေကိုသာ ဖယ်ရီ တင်ပေးဖို့ ရော မုန့်စား ဆင်းချိန်မှ ကင်န်တင်းကို ခေါ်သွားဖို့ ပါ တာဝန်ပေးပြီး ပြန်လာ လိုက်တော့သည် ။

ရေကန်ထဲမှာ ခဲတစ်လုံး ပစ်ချလိုက်သလိုပင် ဂယက် ကလေးများက သူ့ရင်ထဲမှာ လှိုင်းထ၍ ကျန်ရစ်ခဲ့သည် ။ ခဲလေးကတော့ ဘယ်နေရာမှ မြုပ်သွားပြီလဲ။ အစအနပင် ရှာဖွေ၍ မရတော့ပေ။

ညဖုန်းဆက်ချိန် ရောက်သောအခါ သူ ရှောင်ထွက် သွားလိုက်၏။

"ကိစ္စရှိလို့ ညနေထဲက မရှိဘူး ပြောလိုက်တော့ကွာ"

အစောင့် ကောင်လေးကို မှာ ထားပြီး ဆူးလေ ဘက်သို့ ခြေထောက် ညောင်းအောင် လမ်းလျှောက် လိုက်သည် ။ ည၏ တိတ်ဆိတ် ငြိမ်သက်မှုကိုပင် သတိမထားမိပေ။

သူမ ဆွဲကိုင်ကာ လမ်းကူးခဲ့သော ဆူးလေ မီးပွိုင့်လမ်းကို လေးငါး ခေါက်လောက် ခေါက်တုံ့ခေါက်ပြန် လျှောက်ကူးမိသည် ။

"မီးဝါရင် ကူးပါဆိုနေမှ ငါကပဲ ဆွဲဆွဲ ခေါ်နေရတာပဲ၊ နင်ဟာလေ ..."

"ရှင် ... ရှင် အစက ပြောရောပေ့ါ"

ရှက်ရှက်နှင့် ဗလုံးဗထွေး တုန်ရီစွာ ပြောလိုက်သော သူမ၏ စကားသံလေးများက ဝေ့ဝဲလျက် ...

"ဘယ်သိမှာ လဲ ကားရှင်းတုန်း ကူးရတာ သူကလည်း ငြိမ်နေလိုက်တာ"

ရန်ထောင်လိုက်သော စကားသံလေးများက တဝဲလည်လျက် ... နှစ်လနီးပါး ကြာပြီ ဖြစ်သော်လည်း မေ့ပျောက်၍ မရသေးပေ။

"အချစ်ကို သိပ်ကြီး အလေးအနက် ထားရင် မင်းခံစားရ လိမ့်မယ် မင်းဟံသာ၊ သိပ်ကြီး မစွဲလမ်း နဲ့ ကွာ"

မင်းဆွေနှင့် ကိုထွဋ်၏ စကားကြောင့် သူ ဆုံးဖြတ်ချက် ချလိုက်သည် ။

မလေးခင်တာကိုပဲ စ၍ ပထမဦးဆုံး အချစ်ဦး အဖြစ် လက်ခံ သတ်မှတ် လိုက်တော့မည်။ အစ ပျောက်သွားသော မလေးအတွက်ကို

တမ်းတ လွမ်းလျှ၍ မနေတော့ပါ … ဟူ၍ ။

***